# COVID-19 ကာကွယ်ဆေးဆိုင်ရာအချက်အလက်စာရွက်

Indiana Department of Health

## သင်ဘာကိုသိသင့်သလဲ။

COVID-19 ကြောင့် လူများအသက်ဆုံးရှုံးခဲ့ရပြီး သက်ကြီးရွယ်အိုများအပါအဝင် ဆီးချိုရောဂါ၊ နှလုံးရောဂါနှင့် အဝလွန်ခြင်းစသည့် ရောဂါအခံရှိသော လူဦးရေအချို့တို့အပေါ်တွင် ပိုမိုဆိုးရွားစွာ သက်ရောက်မှုရှိခဲ့ကြောင်း ကျွန်ုပ်တို့သိရှိကြပြီးဖြစ်ပါသည်။

ကျန်းမာရေးနှင့် လူမှုရေးမညီမျှမှုများသည်လည်း လူမျိုးရေးနှင့် တိုင်းရင်းသား လူနည်းစုများမှ များစွာသော လူများအပေါ်တွင် COVID-19 ကြောင့် ဖျားနာခြင်းနှင့် သေဆုံးခြင်းမြင့်မားမှုများဖြစ်စေခဲ့သည်။

ကာကွယ်ဆေးတစ်မျိုး ယခုရရှိပါပြီ။ သို့သော် ထောက်ပံ့မှုအကန့်အသတ်နှင့်သာရှိပါသည်။ ကာကွယ်ဆေးသည် အလိုအပ်ဆုံးသူများအတွက် ဦးစားပေးဖြစ်ကြောင်းသေချာစေရန် အင်ဒီယားနားကျန်းမာရေးဌာနမှလည်း ကာကွယ်ဆေးနှင့်ပတ်သတ်သော နောက်ဆုံးရသတင်းများအား ourshot.in.gov တွင်မျှဝေပေးလျှက်ရှိသည်။ ယခုရရှိနိုင်သော ကာကွယ်ဆေးနှစ်မျိုးအား mRNA ဟုခေါ်ဆိုပြီး ၎င်းသည် ကျွန်ုပ်တို့ဆဲလ်များအား ပရိုတိန်းမည်သို့ပြုလုပ်နိုင်ကြောင်း - သို့မဟုတ် ပရိုတိန်းအပိုင်းအစတစ်ခု မည်သို့ပြုလုပ်နိုင်ကြောင်း သင်ကြားပေး၍ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာများအတွင်း၌ ကိုယ်ခံစွမ်းအားတုံ့ပြန်မှုကို ဖြစ်ပေါ်စေသည်။ ၎င်းသည် လူတစ်ဦး၏ DNA အားပြောင်းလဲစေခြင်း သို့မဟုတ် မျိုးမပွားနိုင်ခြင်း စသောအချက်များအား မဖြစ်ပေါ်စေပါ။

ဤကာကွယ်ဆေးသည် လွန်ခဲ့သောဆယ်စုနှစ်အတွင်း အခြားအလားတူဗိုင်းရပ်စ်များအား ကာကွယ်ရန် လုပ်ဆောင်ခဲ့ပြီးသော လုပ်ဆောင်မှုပေါ်တွင် အခြေခံထားသောကြောင့် အလျင်အမြန်ရရှိခဲ့ခြင်းဖြစ်ပါသည်။ ကာကွယ်ဆေးတိုင်းသည် အန္တရာယ်ကင်း၍ ထိရောက်မှုရှိကြောင်း သေချာစေရန် ထိုဆေးမဖြန့်ချီမီကတည်းက စစ်ဆေးမှုများစွာပြုလုပ်အောင်မြင်ရမည်။ ကာကွယ်ဆေးတွင် မည်သည့်သက်ရှိဗိုင်းရပ်စ်မျှမပါဝင်သောကြောင့် ၎င်းသည် COVID-19 အားမဖြစ်ပေါ်စေနိုင်ပါ။ လူဦးရေအားလုံးမှ ထောင်နှင့်ချီသောလူများသည် ဤကာကွယ်ဆေးအား စမ်းသပ်ပြီးဖြစ်ပါသည်။ Pfizer မှတင်ပြသောဘေးထွက်ဆိုးကျိုးများတွင် ခေါင်းကိုက်ခြင်း (၂%)နှင့် ပင်ပန်းနွမ်းနယ်ခြင်း(၄%) ဖြစ်သည်။ ကလေးငယ်အုပ်စုများတွင် လေ့လာနေဆဲဖြစ်သောကြောင့် ကလေးငယ်များ ကာကွယ်ဆေးမရနိုင်ပါ။ ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် သူတို့ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနှင့် ဆွေးနွေးတိုင်ပင်သင့်သည်။

**ပါဝင်ပစ္စည်းများ ကွဲပြားမှု**

**ခန့်မှန်းခြေအားဖြင့် ၄၂% မှာစုစုပေါင်းနှင့် ၃၀% မှာ အမေရိကန်မှလေ့လာပါဝင်သူများ ဟူ၍ ကွဲပြားပါသည်။**

| ပါဝင်သူများ | ခြုံငုံလေ့လာမှု | အမေရိကန်သာ |
|---|---|---|
| အာရှသား | ၄.၅% | ၅.၅% |
| လူမည်း | ၁၀.၀% | ၁၀.၁% |
| ဟစ်စပန်းနစ်/လက်တင် | ၂၆.၁% | ၁၃.၁% |
| မူလအမေရိကန်တိုင်းရင်းသား | ၀.၈% | ၁.၀% |
| အသက် ၅၆ နှစ်မှ ၈၅နှစ် | ၄၀.၉% | ၄၅.၄% |

အရင်းအမြစ် https://www.pfizer.com/science/coronavirus/vaccine

COVID-19 ကာကွယ်ဆေးထိုးခြင်းသည် သင်နှင့်သင်ချစ်မြတ်နိုးရသူများအား ရောဂါမှကာကွယ်ပေးနိုင်သည်။ ထို့အပြင် သင့်အတွက် ကုန်ကျစရိတ်မလိုပဲရရှိနိုင်ပါသည်။

### စမ်းသပ်မှုများအကြောင်း

ကာကွယ်ဆေးလက်တွေ့စမ်းသပ်မှု၌ ထောင်ပေါင်းများစွာသော ကွဲပြားသောပါဝင်သူများက တိကျသောကုသမှုခံယူခဲ့ကြသည်။ Pfizer၏ ကာကွယ်ဆေးလက်တွေ့စမ်းသပ်မှု၌ ပါဝင်သူ ၄၃၀၀၀ကျော် ရှိခဲ့သည်။ Moderna သည် ၎င်း၏ အဆင့် ၃ လက်တွေ့စမ်းသပ်မှု၌လူ ၃၀၀၀၀ ရှိခဲ့သည်။ သုတေသီများသည် ကာကွယ်ဆေး၏အန္တရာယ်ကင်းမှုနှင့် မည်မျှအကျိုးသက်ရောက်မှုရှိသည်ကိုဆုံးဖြတ်ရာ၌ ပါဝင်လေ့လာသူများမည်သို့တုံ့ပြန်သည်ကိုတိုင်းတာ၍/ ကြည့်၍ ဆုံးဖြတ်သည်။ ဤကိစ္စတွင် ရလဒ်သည် COVID-19ကို ခုခံကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။ ဘေးထွက်ဆိုးကျိုးများကိုလည်း သူတို့စောင့်ကြည့်သည်။ ကာကွယ်ဆေးတစ်ခုချင်းစီတိုင်းသည် အန္တရာယ်ကင်း၍ ထိရောက်မှုရှိကြောင်းသေချာစေရန် မဖြန့်ချီမီကတည်းက များစွာသော စမ်းသပ်မှုအဆင့်ဆင့်အား ဖြတ်သန်းခဲ့ရပြီးဖြစ်သည်။

## *ခိုင်လုံသောအချက်အလက်များ*

- **ကာကွယ်ဆေးသည် COVID-19ကို ကာကွယ်ရာ၌ ၉၄% အနည်းဆုံးထိရောက်မှုရှိသည်။**
- **ဘေးထွက်ဆိုးကျိုး အနည်းငယ်အစီရင်ခံခဲ့သော်လည်း ကာကွယ်ဆေးထိုးရာ၌ ခေါင်းကိုက်ခြင်း၊ မောပန်းခြင်းနှင့် ဆေးထိုးထားသည့်နေရာတွင်နာကျင်ခြင်းများ ပါဝင်သေးသည်။**
- **၎င်းသည် နှစ်ကြိမ်ထိုးရမည့် ကာကွယ်ဆေးဖြစ်သောကြောင့် တူညီသောကာကွယ်ဆေးအား ဒုတိယအကြိမ်ထပ်ထိုးရန် လိုအပ်ပါသည်။ (ဥပမာ- Pfizer ဆိုလျှင် ၂၁ ရက်အကြာတွင် သို့မဟုတ် Moderna ဆိုလျှင်၂၈ ရက်အကြာတွင် )**
- **ကာကွယ်ဆေးသည် FDA၊ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးစင်တာများနှင့် အင်ဒီယားနားကျန်းမာရေးဌာနများမှ ခွင့်ပြုချက်ရရှိထားပြီးဖြစ်ပါသည်။**
- **ourshot.in.gov** တွင်ပိုမိုရှာဖွေပါ

### လုပ်ငန်းစဉ်အတည်ပြုချက်အကြောင်း

စမ်းသပ်မှုအဆင့်ဆင့်ပြီးမြောက်ပြီးနောက် အမေရိကန်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန U.S. Food and Drug Administration (FDA) မှ လေ့လာတွေ့ရှိချက်များအား ပြန်လည်သုံးသပ်၍ အရေးပေါ်အခြေအနေများအတွက်COVID-19ကာကွယ်ဆေးအသုံးပြုခြင်းအားခွင့်ပြုပေးရန်အတွက်ဆုံးဖြတ်ပေးသည်။ ကာကွယ်ဆေးမည်မျှကောင်းမွန်စွာအလုပ်လုပ်သည်ကိုလည်းကောင်း သို့မဟုတ် ၎င်း၏ အကျိုးသက်ရောက်မှုနှင့် အစီရင်ခံတင်ပြထားသောဘေးထွက်ဆိုးကျိုးများအား FDA မှကြည့်ရှုပေးသည်။ FDA မှကာကွယ်ဆေးအား အသုံးပြုခွင့်ပေးပြီးသည်နှင့် ၎င်းကာကွယ်ဆေးအား အတည်ပြုပေးထားသော အုပ်စုများအတွက်သာ သုံးနိုင်သည်။ CDC အပါအဝင် သုတေသီများသည် ကာကွယ်ဆေးအား လက်တွေ့အခြေအနေတွင် ဆက်လက်လေ့လာနေပြီး ဘေးကင်းစေရန်အတွက်ဆက်လက် စစ်ဆေးပေးလျှက်ရှိသည်။